# လွှတ်တော်နှင့်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံသားများ၏ လူပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေပြဋ္ဌာန်းရာတွင် ပြည်သူ့အသံကို လျစ်လျူရှုခဲ့ခြင်း၊ ဥပဒေပါ အကြောင်းအရာအချို့မှာလည်း လူထု၏ပုဂ္ဂလိကလွတ်လပ်ခွင့်နှင့် လုံခြုံခွင့်တို့ကို အကာအကွယ်မပေးနိုင်ခြင်းတို့ကြောင့် ကန့်ကွက်ခြင်းနှင့် ပြန်လည်သုံးသပ်ပြင်ဆင်ရန် တိုက်တွန်းခြင်း

---

**၉ မတ်လ ၂၀၁၇။**

၁။ နိုင်ငံသားများ၏ လူပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းကို ၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးအတည်ပြုပြဋ္ဌာန်းလိုက်သည်။

၂။ ယင်းဥပဒေကြမ်းကို ထုတ်ပြန်ခဲ့သည့် ၂၀၁၆ ခုနှစ်မှစကာ ယခုအချိန်တိုင်ပင် အရပ်ဖက်အဖွဲ့အစည်းများက ယင်းဥပဒေတွင် ပါဝင်သောကျယ်ပြန့်ဝေဝါးသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ရှေ့နောက်မလျော်ညီသော ဖွင့်ဆိုချက်များအပေါ် အကြံပြုထောက်ပြချက်များကို လွှတ်တော်အမတ်များနှင့်ဝန်ကြီးဌာနများသို့ ပေးပို့ခဲ့သကဲ့သို့ လူကိုယ်တိုင်လည်း သွားရောက်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့၊ ပြုလုပ်ဆဲဖြစ်ပါသည်။

၃။ သို့ရာတွင် ဥပဒေကြမ်းပါ အရေးကြီးသောအချက်များကို ပြင်ဆင်ခြင်းမပြုဘဲ အတည်ပြုပြဋ္ဌာန်းခဲ့ရာ ယခုပြဋ္ဌာန်းဥပဒေသည် လူထု၏ပုဂ္ဂလိကလွတ်လပ်ခွင့်နှင့်လုံခြုံခွင့်တို့ကို အကာအကွယ်မပေးနိုင်ကြောင်း တွေ့ရှိရပါသည်။ လူထု၏ ပုဂ္ဂလိကလွတ်လပ်ခွင့်ကို အနက်ဖွင့်ထားသည်မှာလည်း နိုင်ငံတကာလူ့ရပိုင်ခွင့်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိမနေပေ။ ထို့ပြင် ပုဒ်မ ၈ တွင် တည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုမိန့်၊ ခွင့်ပြုချက် သို့မဟုတ် ဝရမ်းတစ်စုံတစ်ရာရှိလျှင် သို့မဟုတ် နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရှိလျှင် ပုဒ်မခွဲ(က) မှ (ဆ) အထိ ဖော်ပြထားသောအချက်များကို လုပ်ဆောင်နိုင်သည်ဟု ခွင့်ပြုထားကြောင်း တွေ့ရှိရပါသည်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လွတ်လပ်ခွင့်၊ လုံခြုံခွင့်နှင့်ပုဂ္ဂိုလ်ရေးအချက်အလက်များ တောင်းယူ၊ ထိန်းသိမ်း၊ ကြည့်ရှုမှုကို ခွင့်ပြုရာတွင် လူ့အခွင့်အရေးကို အလေးထားသည့်အင်္ဂါရပ်များ ပါဝင်သလို မည်သည့်အတိုင်းအတာ၊ မည်သည့်အချိန်တွင် တောင်းယူထိန်းသိမ်းရယူပြီး၊ မည်မျှအချိန်အတိုင်းအတာအထိ ထိန်းသိမ်းထားကာ၊ မည်သူက ကြည့်ရှုခွင့်ရှိသည် စသည်တို့ကို ဖော်ပြထားခြင်း မရှိပါ။ ထိုအတူ ယင်းသို့ လုပ်ဆောင်ရာတွင် လူ့အခွင့်အရေးကို ထိခိုက်မှုမရှိစေရန် လွတ်လပ်သော စောင့်ကြပ်ကြည့်ရှုသည့်အစီအစဉ်မျိုး ထည့်သွင်းထားခြင်း မရှိပါ။ ယင်းသည် ရေရှည်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များအား ခြိမ်းခြောက်မှုများ ဖြစ်လာနိုင်ကြောင်း အရပ်ဖက်အဖွဲ့အစည်းများက စိုးရိမ်လျက်ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းကို အလျင်စလို မပြဋ္ဌာန်းပါရန်နှင့် အများပြည်သူနှင့် အရပ်ဖက်အဖွဲ့အစည်းများကို ကျယ်ပြန့်စွာအသိပေးဆွေးနွေးအကြံညဏ်ရယူပါရန် လွှတ်တော်နှင့်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း သဘောထားကြေညာချက်ကို **Myanmar Digital Rights Forum** သို့တက်ရောက်လာသော အရပ်ဖက်အဖွဲ့အစည်း(၁၈)ဖွဲ့က လက်မှတ်ရေးထိုး၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ သို့သော် ၂၀၁၇ ခုနှစ် မတ်လ ၈ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီ ဖြစ်ပါသည်။

၅။ ယခုပြဋ္ဌာန်းဥပဒေအား အတည်ပြုပြဋ္ဌာန်းရေးလုပ်ငန်းစဉ်အတွင်း အရပ်ဖက်အဖွဲ့အစည်းများက ပေးပို့သော အကြံပြုချက်များကို လျစ်လျူရှုခဲ့ပါသည်။ ယင်းအချက်သည် ပြည်သူက ရွေးကောက်တင်မြှောက်ထားသော၊ ပြည်သူကို ကိုယ်စားပြုသော လွှတ်တော်အမတ်များ ပါဝင်သည့် ဥပဒေပြုရေးမဏ္ဍိုင်သည် ပြည်သူ၏အသံကို အလေးထားနားထောင်ခြင်းမရှိကြောင်း ပြယုဂ်ဟု ယူဆပါသည်။

၆။ ထို့ကြောင့် ပြည်သူကို ကိုယ်စားပြုသော၊ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သည့် လွှတ်တော်နှင့် အစိုးရအဖွဲ့အနေဖြင့် နိုင်ငံသားများ၏ လူပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေပြဋ္ဌာန်းရာတွင် ပြည်သူ့အသံကို လျစ်လျူရှုခဲ့ခြင်း၊ ဥပဒေပါ အကြောင်းအရာအချို့မှာလည်း လူထု၏ပုဂ္ဂလိကလွတ်လပ်ခွင့်နှင့်လုံခြုံခွင့်တို့ကို အကာအကွယ်မပေးနိုင်ခြင်းတို့ကြောင့် အောက်ပါလက်မှတ်ရေးထိုးထားသော အရပ်ဖက်အဖွဲ့အစည်းများက ကန့်ကွက်လိုက်သည်။ ယင်းဥပဒေအား နိုင်ငံတကာလူ့ရပိုင်ခွင့်စံချိန်စံညွှန်းနှင့်အညီ ပြန်လည်သုံးသပ်ပြင်ဆင်ပါရန် တိုက်တွန်းလိုက်ပါသည်။

■■■

PEN MYANMAR · MJN (MYANMAR JOURNALIST NETWORK) · BNI (Burma News International) · Human Rights Defenders Forum · MMLN (MYANMAR MEDIA LAWYERS' NETWORK) · MIDO (you can do IT) · ARTICLE 19 · Myanmar Centre for Responsible Business · ၆၆(ဃ)

**ကြေညာချက်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်ကို သိရှိလိုပါက ဆက်သွယ်ရန်-**

| | | | |
|---|---|---|---|
| ၁။ | ဟန်ဇော် | (PEN Myanmar) | - ၀၉၇၃၀၈၁၃၅၀ |
| ၂။ | ဇေယျာလှိုင် | (MJN) | - ၀၉၄၄၈၀၄၇၃၂၀ |
| ၃။ | ဝေဖြိုးမြင့် | (MCRB) | - ၀၉၇၉၅၃၃၃၈၃၁ |
| ၄။ | ထိုက်ထိုက်အောင် | (MIDO) | - ၀၉၄၃၀၂၅၅၂၉ |